GTMH telecom

## Press Release

### “အင်တာနက်ဝန်ဆောင်မှုနှင့် ဒေတာစင်တာ ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီတို့မှ MPLS နည်းပညာသုံး ဝန်ဆောင်မှုပေးမည်”

အင်တာနက်ဝန်ဆောင်မှုပေးနေသည့် GTMH (Golden TMH Telecom Co.,Ltd) နှင့် ဒေလ်တာ ဒေလ်တာစင်တာ ဝန်ဆောင်မှု ပေးနေသည့် GMBX( Golden Myanmar Businees Exchange Co.,Ltd) တို့  ပူးပေါင်း၍ MPLS (Multi Protocol Lable Switching) နည်းပညာကိုအသုံးပြု၍ သုံး သုံးစွဲသူများအား ဝန်ဆောင်မှုပေးနိုင်ရန် အကျိုးတူ ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

GTMH ကုမ္ပဏီသည် မျိုးဆက်သစ် ပြည်တွင်းဒေတာ ကွန်ယက် ကို တည်ဆောက်၍ IP (Internet Protocol) ပင်မကွန်ယက်မှ တစ်ဆင့် SDN ( Software Defined Network) နှင့် NFV ( Network Facility Virtualization)နည်းစနစ်များကို မြန်မာပြည်တွင် ပထမ ဦးဆုံး မိတ်ဆက်ပေးခြင်း ဖြစ်သည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် Tier 1 အဆင့် ပြည်တွင် းဆက်သွယ်ရေးဝန်ဆောင်မှု ပေးသူများ အချင်းချ အချင်းချင်း ချိတ်ဆက်ရန် မြန်မာပထမဦးဆုံး အင်တာနက် အိတ်ချိန်း (IX) ကို တည်ဆောက်နေပြီး လက္ကားအဆင့်  အင်တာနက် ဖြန့်ဖြူးသူများ  (ISP) ကို ချိတ်ဆက်၍ ဝန်ဆောင်မှု ပေးနေကြောင်း သိရသ သိရသည်။

ယင်းကုမ္ပဏီအနေဖြင့် ပြည်ပဆက်သွယ်ရေးဝန်ဆောင်လုပ်ခွင့်ရှိသူ (IGW) Internet Gateway) များနှင့် ချိတ်ဆက်ထားပြီး ပြည်တွင်း လုပ်ငန်းများကို တိုက်ရိုက်ဆက်သွယ်ပေးမည် ဖြစ်သည်။

ယင်းအပြင် ရန်ကုန်မြို့ အရှေ့ဒဂုံ စက်မှုဇုန်အတွင်း တည်ဆောက်ထားသော ဂြိုဟ်တု ဆက်သွယ် ဆက်သွယ်ရေးစခန်း (VSAT) မှတစ်ဆင့် C Band နှင့်  Ku Band နှင့် O3b ဂြိုဟ်တုကွန်ယက် ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်ပြီး ၊Ku Band ဂြိုဟ်တု ဆက်သွယ်ဝန်ဆောင်မှုပေးနေသည်။

GTMHကုမ္ပဏီနှင့် GMBX ကုမ္ပဏီ တို့ ပူးပေါင်း၍ နာမည်ကျော် OpenStack Architecture ကို အသုံးပြု၍ Cloud ဝန်ဆောင်မှု ကို ၂၀၁၇ခုနှစ် သင်္ကြန်အပြီးတွင် ရရှိနိုင်ရန် ဆောင်ရွ ဆောင်ရွက်နေကြောင်း သိရသည်။

GMBX ကုမ္ပဏီသည် TIA 942 စံသက်မှတ်ချက်အတိုင်း ဒေတာစင်တာ ဝန်ဆောင်မှု များကို IaaS( Infrastructure) အဆင့်၊ PaaS ( Platform) အဆင့်၊ SaaS ( Service) အဆင့် ခွဲ၍  SI ( System Integrator) များ Telecom လိုင်စင်ရသူများ ၊ စီးပွားရေး လုပ်ငန်း ရှင်များအား ဝန်ဆောင်မှု ပေးန ပေးနိုင်ကြောင်း သိရသည်။

GTMH ကုမ္ပဏီသည် ဝါယာလက်စနစ်၊ ဖိုင်ဘာကေဘယ်စနစ်နှင့် ဂြိုဟ်တု VSAT စနစ်တို့ကို လိုအပ်သလို ပူးပေါင်းတည်ဆောက်ပြီး ရန်ကုန်မြို့တွင်းအထင်ကရ အဆောက်အဦး များ များဖြစ်သော ဆာကူရာ တာဝါ၊ မြန်မာ ပလာဇာ၊ Vantage တာဝါ ကဲ့သို့ အဆောက်အဦးများ နှင့် မန္တလေး မန္တလေးကဲ့သို့သော အဓိက မြို့ကြီးများတွင် ဝန်ဆောင်မှု များ ဆက်လက်ပေးသွားမည်ဟု  သိရသည်။

၀၀၁

Media Source:  Mirror